## သတင်းလွှာ

အမှတ်စဥ် (၃)　　၁၉၇၅၊ စက်တင်ဘာ ၂၁ ရက်

# ဗဟိုကော်မီတီက ပြန်လည်ဆွေးနွေး

## ကိုယ်စားလှယ်များ၏ တင်ပြချက်များကို ပြေကြားဆွေးနွေးခြင်း



ဗဟိုကော်မတီကိုယ်စား ဥက္ကဋ္ဌက နိုင်ငံတကာ ကွန်မြူနစ်လှုပ်ရှားမှုပြဿနာကို ပြန်လည်ဆွေးနွေးနေစဉ်

စက်တင်ဘာ ၂၁

ဗဟိုကော်မတီ၏ နိုင်ငံရေး အစီရင်ခံစာအပေါ် ကိုယ်စားလှယ် ရဲဘော်များ၏ အစုများ အတွင်း ဆွေးနွေးချက်များနှင့် စုံညီအစည်း အဝေးကြီးတွင် တင်ပြဆွေးနွေး ကြသော အချက်တို့နှင့် ပတ်သက်၍ ဗဟိုကော်မတီ၏ ကိုယ်စား နိုင်ငံရေး ဦးဆောင်အဖွဲ့ဝင် ရဲဘော်များက ယနေ့ စတင် ပြန်လည်ဆွေး နွေးကြသည်။

၃ ကော်လံ ၁ သို့ ★

# ချီတက်ရမဲ့ခရီးဟာကွေ့ကောက်တယ်၊ အနာဂါတ်ဟာထွန်းပြောင်တယ်။

လူလူချင်း သွေးစုတ်မှုကင်းတဲ့ လူ့အဖွဲ့အစည်းသစ်ဆီ ကျနော်တို့ ချီတက်ကြမယ်၊

ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေးကို ပထမအဆင့် အဖြစ်၎င်း ဆိုရှယ်လစ်တော်လှန်ရေးကို ဒုတိယအဆင့်အဖြစ် ၎င်း အဆင့်ဆင့်ခွဲပြီး ကျနော်တို့ ချီတက်ကြမယ်၊ လောလောဆယ်မှာ ပထမအဆင့်တော်လှန်ရေးကို ဆင်နွှဲနေကြတယ်၊

ပြည်သူ့ဒီမိုကရေစီ တော်လှန်ရေးကို ဆင်နွှဲရာမှာ လက်နက်ကိုင်တိုက်ပွဲကို အဓိကတိုက်ပွဲသဏ္ဍာန် အဖြစ်ထားရမှာ ဖြစ်တယ်၊ လက်နက်ကိုင်တော်လှန်ရေးဟာ ရေရှည်မယ်၊ ကြမ်းတမ်းကွေ့ကောက်မယ်၊ ဆုံးရှုံးမှုတွေ အမျိုးမျိုးကို ဖြတ်သန်းပြီးမှသာ အောင်ပွဲရနိုင်မယ်၊ ကျနော်တို့ ၃၆ နှစ်ကျော် လက်နက်ကိုင်တိုက်ခဲ့ကြပြီး ဆုံးရှုံးမှုတွေ အနန္တ ပြုခဲ့ကြပြီ၊ အကွေ့အကောက်တွေ အမျိုးမျိုးကို ဖြတ်သန်းခဲ့ကြပြီ၊ အခက်အခဲအဖုံဖုံကို ကျော်နင်းခဲ့ကြပြီ၊ ရှေ့မှာတွေ့ရမဲ့အကွေ့ အကောက် အခက်အခဲ တွေကို လဲ မုချ ကျနော်တို့ ဖြတ်သန်း ကျော်နင်း နိုင်ပါလိမ့်မယ်၊

ပြည်လုံးကျွတ်ကွန်ဂရက်က ချမှတ်တော့မဲ့ ဆုံးဖြတ်ချက်တွေကို ကိုင်စွဲပြီး ချီတက်ကြယင် ကျနော်တို့ တော်လှန်ရေးကို ဘယ်ဖောက်ပြန်ရေး အင်အားစုကမှ တားဆီးထားနိုင်မှာ မဟုတ်ပါဘူး၊ တောက်ပထွန်း ပြောင်တဲ့ အနာဂါတ်ဟာ ကျွန်တော်တို့ ရှေ့မှာ ရှိနေပါတယ်၊

မှတ်တမ်းနှင့်ပြန်ကြားရေး ကော်မရှင်



တတိယအကြိမ်မြောက်ပြည်လုံးကျွတ်ပါတီကွန်ဂရက်၏ တနေ့တာအစည်းအဝေးပွဲအပြီး အစည်းအဝေးခန်းမအတွင်းမှ ကိုယ်စားလှယ်ရဲဘော်များထွက်လာကြစဉ်၊

★ ပြန်လည်ဆွေးနွေးမှု ———

ဆွေးနွေးသည့်ပြဿနာများ

ယနေ့ ပြန်လည်ဆွေးနွေးသည့် အချက်များတွင် နိုင်ငံတကာ့ကွန်မြူနစ်လှုပ်ရှားမှုပြဿနာ၊ ဗမာပြည်တော်လှန်ရေး ဒီရေမြင့်ပြဿနာများ ပါဝင်သည်ဟုသိရသည်။

ယနေ့အစည်းအဝေးသို့ ကိုယ်စားလှယ်ပေါင်း ၁၇၀ ဦး တက်ရောက်ရာ တက်ရောက်ခွင့်ရှိသူဦးရေ ၁၇၆ ယောက်၏ ၉၆.၅ ရာနှုန်းတက်ရောက်သည်ဟုသဘာပတိက ကြေညာသွားသည်။

## နိုင်ငံရေးအစီရင်ခံစာအပေါ်

## ကိုယ်စားလှယ်များမှတင်ပြမှုပြီးသွားပြီ။

စက်တင်ဘာ ၁၉

ပြည်လုံးကျွတ် ကွန်ဂရက် စတုတ္ထနေ့ ကိုယ်စားလှယ်စုံညီ အစည်းအဝေးကို ကွန်ဂရက် ခန်းမကြီးတွင် ယနေ့ မနက် ၉. နာရီမှစ၍ ဆက်လက် ကျင်းပသည်။

၇၅.၂ % တက်


ယနေ့ အစည်းအဝေးတွင်တက်ရောက်ခွင့်ရှိသူ ၁၉၆ ဦး အနက် ၁၄၇ ဦးတက်ရောက်ရာ တက်ရောက်သူ ၇၅.၂ ရာနှုန်းရှိသဖြင့် ကွန်ဂရက်အထမြောက်ကြောင်း အခန်းအနားမှူးကကြေညာသည်။

ထပ်မံတင်ပြ

ယနေ့အစည်းအဝေးတွင် အစုလိုက်ခွဲဆွေးနွေးရာမှရသည့်ချက်များနှင့် တဦးချင်း အမြင်များကို ပါတင်ပြဆွေးနွေးကြသည်။ ဗဟိုကော်မတီ၏ နိုင်ငံရေးအစီရင်ခံစာအပေါ် ကိုယ်စားလှယ်ရဲဘော်များဘက်မှ ပြန်လည်ဆွေးနွေးသည့် အစီအစဉ် ယနေ့ နေ့လည်တွင်ပြီးဆုံးသွားပြီဖြစ်သည်။

သဘာပတိအဖွဲ့ ဆွေးနွေး

ကိုယ်စားလှယ်များ၏ တင်ပြချက်များအား ပြန်လည်ဖြေကြားရန် အတွက် ကွန်ဂရက် သဘာပတိအဖွဲ့ အနေဖြင့် ဆွေးနွေးပွဲများ ဆက်တိုက် ထိုင်နေကြသည်ဟုကြား သိရသည်။




စတုတ္ထနေ့ အစည်းအဝေးတွင်ကိုယ်စားလှယ်များတက်ရောက်နေစဉ်။



ဗဟိုကော်မတီ၏နိုင်ငံရေး အစီရင်ခံစာ ပေ့လာရရှိချက်အပေါ် ဆွေးနွေးစဉ်

ဗဟိုကော်မတီ၏နိုင်ငံရေး အစီရင်ခံစာအပေါ် ကိုယ်စားလှယ် တဦးက တင်ပြဆွေးနွေးနေစဉ်။





တတိယနေ့

# မျက်နှာစုံညီအစည်းအဝေး

# ရဲဘော်များတက်ကြွစွာပါဝင်ဆွေးနွေးကြခြင်း

စက်တင်ဘာ. ၁၈

တတိယ အကြိမ်မြောက် ပြည်လုံးကျွတ်ကွန်ဂရက်၏ တတိယနေ့ ကိုယ်စားလှယ်စုံ ညီအစည်းအဝေးကို စက်တင်ဘာလ ၁၈.ရက်နေ့ မနက် ၉. နာရီ အချိန်တွင် ကွန်ဂရက် ခန်းမကြီးတွင် ဆက်လက်ကျင်းပသည်။

၈၆.၇၃ %. တက်

ဤအစည်းအဝေး တွင် တက်ရောက်ခွင့် ရသည့် ကိုယ်စားလှယ် ဦးရေ ၁၉၆ ဦး ရှိသည့် အနက် ၁၇၀ တက်ရောက်လာရာ နှုန်း အားဖြင့် ၈၆.၇၃ ရှိသဖြင့် အစည်းအဝေး အထမြောက် ကြောင်း အခန်းအနား မှူးက ကြေညာသည်။

ဖြိုးဆွေးနွေး

ယနေ့ အစီအစဉ်မှာ ယမန်နေ့က မပြီးသေးသော အစုအတွင်းမှ အမြင်များတင်ပြခြင်း ကို ဆက်လက်ပြုလုပ်ခြင်း ပင် ဖြစ်သည်။


ဗဟိုကော်မတီ၏ နိုင်ငံရေး အစီရင်ခံစာအပေါ် ဆွေးနွေး ရရှိချက်များကို အစုများ ကိုယ်စားဖြင့် တချို့က တဦး ချင်း အမြင် အနေဖြင့်ဖြင့် တင်ပြ ဆွေးနွေး ကြသည်။ ဤတတိယ နေ့တွင် ရဲဘော် ၆ ယောက် ဆွေးနွေး သွားသည်ဟု သိရသည်။





ဗဟိုကော်မတီ၏နိုင်ငံရေး အစီရင်ခံစာအပေါ် ကိုယ်စားလှယ်တဦးက ဆွေးနွေးနေစဉ်

ဗဟိုကော်မတီ၏နိုင်ငံရေး အစီရင်ခံစာအပေါ် ကိုယ်စားလှယ်တဦးက တင်ပြဆွေးနွေးစဉ်



# ဘော်လီဘောပြိုင်ပွဲ

စက်တင်ဘာ ၂၁

တတိယအကြိမ်မြောက်ပါတီကွန်ဂရက်ကို အထိမ်းအမှတ်ပြုသော အားကစားလှုပ်ရှားမှု အားကစားပြိုင်ပွဲများ မပြတ်ပြုလုပ်လျက်ရှိရာ ယနေ့မှစ၍ ဘော်လီဘောပြိုင်ပွဲကို ကျင်းပပြီဟု သိရသည်။

## ၁၃ သင်း

ယခုပြိုင်ပွဲတွင် ကွန်ဂရက်သို့ တက်ရောက်လာကြသော ကိုယ်စားလှယ်များထဲမှ ၄ သင်း အပါအဝင် ကွန်ဂရက်ပတ်ဝန်းကျင်ရှိ တပ်ဖွဲ့များ စသည်တို့မှ အသင်းစုစုပေါင်း ၁၃ သင်းပါဝင် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။


ပြိုင်ပွဲများကို တနေ့ ၂ ပွဲနှုန်း ဒိုးထွက်စနစ်ဖြင့် ဖြိုက်ကြားမှု ကျင်းပသွားမည်ဟု သိရသည်။

## ဘောလုံး

ကွန်ဂရက်မစမီ ပြီးခဲ့သည့် ဇူလိုင်နှင့် ဩဂုတ်လများအတွင်းကလည်း ဘောလုံးပြိုင်ပွဲတရပ် ပြုလုပ်ခဲ့သေးသည်ဟု သိရသည်။




ဘော်လီဘောပြိုင်ပွဲ ယှဉ်ပြိုင်နေစဉ်




စာတည်း:
ကွန်ဂရက်သတင်းလွှာ

# ဓါတ်ပုံပြပွဲ



စက်တင်ဘာ ၂၁

တတိယအကြိမ်မြောက်ပြည် လုံး ကျွတ် ပါတီကွန်ကရက် နှင့် ပတ်သက်သည့် ဓါတ်ပုံပြပွဲ တရုပ်ကို ကွန်ကရက် ခန်းမ ပတ်ပတ်လည်တွင် ယနေ့ပြ သထားသည်။


ဓါတ်ပုံ ၁၀၀ ကျော်

ကွန်ကရက်ဖွင့်ပွဲ အစုပြိုက် ဆွေးနွေးပွဲ ကိုယ်စားလှယ်များ ၏ နေ့စဉ်မှု ဘဝ ပြသည့်ကွန်

. . . . . . . . . . . . . . . . . .

ကွန်ကရက်ခန်းမတွင်း ပြသထားသည့်ဓါတ်ပုံပြပွဲအား ကိုယ်စားလှယ်များ စိတ်ဝင်စားစွာကြည့်ရှုနေစဉ်။

. . . . . . . . . . . . . . . . . .



ရောက်လှုပ်ရှားမှု နှင့် ပတ်သက်သော ဓါတ်ပုံပေါင်း ၁၀၀ ကျော် ပြသထားသည်။

ထို့ပြင် သတင်းလွှာများ ကို လည်း ပုံကြီး ချဲ့၍ နံရံပေါ် အခေါင် သဖွယ် ကပ်ထားသည် ကိုလည်း တွေ့ရသည်။



# နယ်ချဲ့စနစ်နဲ့ကိုလိုနီတပိုင်းပြဿနာ

## ဗဟိုကော်မတီမှပြန်လည်ဆွေးနွေးတင်ပြခြင်း

ဆက်တင်ဘာ ၂၂

ယမန်နေ့မှစ၍ ပြုလုပ်ခဲ့သော ကိုယ်စားလှယ်ရဲဘော်များ၏ ဆွေးနွေးချက်များအပေါ် ဗဟိုကော်မတီက ပြန်လည်ဆွေးနွေးသည့် အစီအစဉ်ကို ယနေ့ဆက်လက်ကျင်းပသည်။

### အကျယ်တဝင့်

ဗဟိုကော်မတီ၏ ကိုယ်စား နိုင်ငံရေးဦးဆောင်အဖွဲ့ဝင်များက ယနေ့ ပြန်လည်ဆွေးနွေးရာတွင် နယ်ချဲ့စနစ်နှင့် ကိုလိုနီတပိုင်း ပြဿနာများကို အကျယ်တဝင့် ရှင်းလင်း ဆွေးနွေး သွားသည်။

### ၇၇.၂၄ %

ယနေ့ အစည်းအဝေးသို့ တက်ရောက်သူ စုစုပေါင်း ၂၅၂ ယောက်ရှိရာ တက်ရောက်နှုန်း ရှိသူ ၁၉၆ ယောက်ဖြင့် ၇၇.၂၄ ရာခိုင်နှုန်း ရှိသည်။

**ဒီနေ့ သတင်းလွှာ**


ဗဟိုကော်မတီက ပြန်လည်ဆွေးနွေး ၁
အနာဂါတ်ပဟာတွန်းပြောင်းတယ် ၂
ကိုယ်စားလှယ်များမှ တင်ပြမှုပြီးဆုံး ၃
ဘော်လီဘောပြိုင်ပွဲ ၆
ဓါတ်ပုံပြပွဲ ၇
ကိုလိုနီတပိုင်းပြဿနာ ၈


"နှမ်းမယ်တော်ကြီးနဲ့ အနှောင်းလေးတို့.. ဟောဟိုမမြွကလေးလိုတော့ မလုပ်ကြနဲ့နော်..."

